# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 11, 2019 | Volume 20, Number 7


**၁၁.၆.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၂၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၇၁၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၀/ကျပ် |
| CBM Rate | = ၁၅၃၃.၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၃၄.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၃.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၄၈.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၁.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၆.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၁.၇၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၉၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၇၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၁၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၉၉၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## စိုက်ခင်းထွက် ကျွန်းနှင့်သစ်မာအလုံးလိုက် ပြည်ပတင်ပို့ခွင့်ပြန်ပေး

နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းများမှထွက်ရှိသည့် ကျွန်းနှင့်သစ်မာများအား ပြည်ပသို့အလုံးလိုက်တင်ပို့ခွင့်ကို စိစစ်မှုများပြုလုပ်ကာ ခွင့်ပြုပေးမည်ဖြစ်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဇောကပြောသည်။ ခွင့်ပြုမိန့်ကို မေလ ၃၁ ရက်နေ့က အတည်ပြုခဲ့ခြင်းဖြစ်ပြီး စိုက်ခင်းထွက်သစ်များကိုသာ တင်ပို့ခွင့်ပြုထားကာ သဘာဝတောထွက်သစ်များအား တင်ပို့ခွင့်မရှိကြောင်း ဝန်ကြီးဌာနက ကြေညာထားသည်။ ဦးကျော်ဇောက သဘာဝတောတွေကထွက်တဲ့သစ်ကို အလုံးလိုက် လုံးဝတင်ပို့ခွင့်မပေးပါဘူး၊ ပုဂ္ဂလိကနဲ့ ဌာနစိုက်ခင်းတွေကထွက်တဲ့ သစ်တွေ၊ တိုင်တွေ၊ မျောတွေပဲ တင်ပို့ခွင့်ပေးမှာပါ။ ဒါကိုစိစစ်ဖို့လဲ ခိုင်မာတဲ့မူနဲ့လုပ်နည်းတွေရှိပြီးသားပါ၊ သဘာဝတောထွက်သစ်တွေ၊ ခိုးသစ်တွေပါလာမှာကို လူကြီးတွေကလဲ အရမ်းစိုးရိမ်ပါတယ်ဟု ဧရာဝတီသို့ပြောသည်။ ပြည်ပသို့ သစ်များအလုံးလိုက် တင်ပို့ခွင့်အား ၂၀၁၄ ခုနှစ်မှစတင်၍ ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

ပုဂ္ဂလိက ကျွန်းစိုက်ခင်းအနေဖြင့် ၂၀၁၈ ခုနှစ် မတ်လကုန်အထိ ကုမ္ပဏီ ၃၀၀ အတွက် ၂၅၁၁၇၃.၉၇ ဧက တည်ထောင်ခွင့်ပြုခဲ့ရာတွင် ၁၄၃၂၇၈.၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး ပုဂ္ဂလိကသစ်မာစိုက်ခင်းအနေဖြင့် ၂၀၀၇–၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇–၁၈ ဘဏ္ဍာရေးနှစ်အထိ ၁၁ နှစ်အတွင်း ၁၀၄၈၉၀.၂၆ ဧက စိုက်ပျိုးခဲ့ပြီဖြစ် ကြောင်း ဝန်ကြီးဌာနကကြေညာထားသည်။ ၂၀၁၇–၁၈ ဘဏ္ဍာရေးနှစ် တစ်နှစ် အတွင်းဌာနမှ တည်ထောင်စိုက်ပျိုးခဲ့သည့် ကျွန်းနှင့်သစ်မာ စီးပွားရေးစိုက်ခင်းအနေ ဖြင့် ၁၄၉၇၀ ဧက စိုက်ပျိုးခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံ သစ်တောအသင်း အတွင်းရေးမှူး ဦးတင်အေးက ဒီလိုခွင့်ပြုပေးတာကောင်းပါတယ်၊ ပုဂ္ဂလိက စိုက်ပျိုးသူတွေလဲ ဝင်ငွေလေးပြန်ရတာပေါ့၊ အစိုးရဌာနအနေနဲ့ကတော့ နိုင်ငံတော် ဘက်ဂျက်နဲ့ သစ်တောစိုက်ခင်းတွေချဲ့ပြီး မထိန်းသိမ်းနိုင်ရင် ထပ်မချဲ့ဘဲ ရှိပြီးသား တောတွေကိုပဲ ကြပ်ကြပ်မတ်မတ်ကိုင်သင့်ပါတယ်ဟုပြောသည်။

သစ်တောစိုက်ခင်းများ ထိန်းသိမ်းရေးနှင့်ပတ်သက်၍လည်းစိုက်ခင်းများတိုးချဲ့ကာ ကာကွယ်ထိန်းသိမ်းမှုတွင် လိုအပ်ချက်များရှိနေသည့်အတွက် ခိုးခုတ်ခံရပြီးမှသာ သစ်များအား ဖမ်းဆီးဆောင်ရွက်ခြင်းအစား ခိုးခုတ်မခံရခင် ထိန်းသိမ်းကာကွယ်ခြင်းအပိုင်းကိုသာ ပိုမိုအာစိုက်ဆောင်ရွက်သင့်ကြောင်းလည်း ၎င်းကပြောသည်။ ဌာနစိုက်ခင်းနှင့် ပုဂ္ဂလိကစိုက်ခင်းများအား ၂၀၀၆ ခုနှစ်မှစတင်၍ တည်ထောင်ခွင့်ပြုခဲ့ရာတွင် ၅ နှစ်မှ ၁၀ နှစ်အတွင်း သက်တမ်းရှိ စိုက်ခင်းများအား ပင်ကြပ်နှုတ်ခြင်း၊ ရှင်းလင်းခြင်းများဆောင်ရွက်ရာမှ ထွက်ရှိလာသည့် ကြားဖြတ် တောထွက်သစ်များအား ပြည်ပသို့တိုင်များ၊ မျောများအဖြစ် တင်ပို့ခွင့်ရရန် လုပ်ငန်းရှင်များက တင်ပြမှုများရှိခဲ့ပြီး လတ်တလောတွင် ကုမ္ပဏီနှစ်ခုခန့်မှ ဝန်ကြီးဌာနသို့ တင်ပြထားကြောင်း သိရသည်။

ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဇောက ပြည်တွင်းရောင်းဈေးနဲ့ ပြည်ပတင်ပို့ ဈေးနှုန်းကွာဟမှုရှိလို့ တင်ပို့ခွင့်ပေးဖို့ ဆွေးနွေးပွဲတွေမှာ တင်ပြမှုတွေရှိတယ်၊ အခု ပြန်ခွင့်ပြုတာကလဲ တစ်နိုင်ငံလုံး သက်ဆိုင်တာမျိုးမဟုတ်ဘဲ ကုမ္ပဏီတစ်ခုချင်း အလိုက် case by case စိစစ်ပြီးမှ ပေးမှာပါဟုရှင်းပြသည်။ စိုက်ခင်းထွက် သစ်အလုံးလိုက်တင်ပို့ခွင့်ကို ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ပေးရန်၊ ဒေသတွင်းအလုပ်အကိုင်ရရှိစေရန်၊ သစ်တောထိန်းသိမ်းရေးနှင့်ပြန်လည်ပြုစုပျိုးထောင်ကဏ္ဍတိုးတက် စေရန်တို့အတွက် ပြန်လည်ခွင့်ပြုပေးခြင်းဖြစ်ကြောင်းလည်း ၎င်းကပြောသည်။ မြန်မာနိုင်ငံတွင် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၆ ဘဏ္ဍာရေးနှစ်အထိ ခရိုင်သစ်တော စီမံအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းအရ သဘာဝတောများမှ နှစ်စဉ် ကျွန်းပင်ရေ ၁၉၂၁၀ ပင်ခန့်နှင့် သစ်မာ ၅၉၂၃၀ ပင်ခန့် ထွက်ရှိပြီး ၎င်းသစ်များမှာ အလုံးလိုက်တင်ပို့ခွင့်မရှိကြောင်းသိရသည်။

တရားမဝင်သစ်များ ဖမ်းဆီးရမိမှုအနေဖြင့်လည်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ကျွန်း ၁၅၄၂.၆၄ တန်၊ သစ်မာ ၄၅၆၅.၆၀ တန်၊ ၈၄၄.၁၆ တန်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း ဝန်ကြီးဌာနက ကြေညာထားသည်။

**Source:** https://burma.irrawaddy.com/business/2019/06/11/194342.html

## ထိုင်း PTT နှင့် KBZ စက်သုံးဆီ ၊ သိုလှောင်ကန်နှင့် ဆီဆိုင်များ ပူးပေါင်းရင်းနှီးမြှုပ်နှံမည်

ထိုင်းနိုင်ငံအခြေစိုက် ရေနံကုမ္ပဏီတစ်ခုဖြစ်သော PTT နှင့် ပြည်တွင်း ကမ္ဘောဇကုမ္ပဏီအုပ်စု (KBZ) တို့ အကျိုးတူ ပူးပေါင်း၍ စက်သုံးဆီသိုလှောင်ကန်နှင့် စက်သုံးဆီဆိုင်များ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါလုပ်ငန်းများ ပူးပေါင်း လုပ်ဆောင်ရန်အတွက် ဇွန်လ ၉ ရက်တွင် ရန်ကုန်မြို့ရှိ Lotte ဟိုတယ်၌ နှစ်ဘက် ကုမ္ပဏီများ သဘောတူလက်မှတ် ရေးထိုးခဲ့ကြသည်။ KBZ ကုမ္ပဏီ၏ အကြီးတန်း အုပ်ချုပ်မှု ဒါရိုက်တာ ဦးညီမြင့်က လက်ရှိကမ္ဘောဇကဖွင့်ထားတဲ့ နီလာရိုးမ စက်သုံးဆီဆိုင်တွေကို PTT အမှတ်တံဆိပ်အနေနဲ့ ပြောင်းလဲအဆင့်မြှင့်တင်မယ်။ ကျနော်တို့က အရေအတွက်ထက် အရည် အသွေးကောင်းကောင်းလေးတွေ ဖွင့်သွားပါမယ်ဟုပြောသည်။ ပထမအဆင့်အနေဖြင့် စက်သုံးဆီဆိုင် ၁၀ ဆိုင်ကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး နှစ်အနည်းငယ်အတွင်း၌ ဆီဆိုင်ပေါင်း ၇၀ ကျော် အထိကို ရန်ကုန်နှင့်တိုင်းနှင့်ပြည်နယ်များရှိ မြို့ကြီးများ၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ သီလဝါစက်မှုဇုန်အနီးတွင် တည်ဆောက်မည့် ဆီသိုလှောင်ကန် အတွက် အမေရိကန်ဒေါ်လာ ၁၈၅ သန်းနှင့် လက်လီစက်သုံးဆီဆိုင်များအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း KBZ ၏ လက်အောက်ခံ ကုမ္ပဏီ Brighter Energy ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကောင်းစံက ဧရာဝတီသို့ ပြောသည်။ ၎င်းကမြန်မာနိုင်ငံရဲ့ စက်သုံးဆီဈေးကွက်က ယှဉ်ပြိုင်မှုများလာလေလေ ပြည်သူတွေ အတွက်က ကောင်းလေလေပေါ့ဟုလည်း ဆိုသည်။

PTT အမှတ် တံဆိပ်ဖြင့် ဖွင့်လှစ်မည့် စက်သုံးဆီဆိုင်များ၌ Café Amazon ကော်ဖီဆိုင်၊ မီနီမတ်၊ ကားအင်ဂျင်ဝိုင် ဝန် ဆောင်မှုတို့ အပြင် ငွေလဲကောင်တာများ ပါဝင်မည် ဖြစ်ပြီး ယခုနှစ်အတွင်း ဆိုင်များ ဖွင့်လှစ်နိုင်မည် ဖြစ်ကြောင်း သိရ သည်။ ထိုင်း ကုမ္ပဏီ PTTOR ၏ ဥက္ကဋ္ဌ ဖြစ်သူ Mr.Auttapol Rerkpiboon က"PTTOR ၏ နှစ်ရှည် အကျိုးရှိမည့် စီမံ ကိန်းထဲ မှာ မြန်မာနိုင်ငံမှာ စက်သုံးဆီ၊ လောင်စာဆီ လက်လီ ရောင်းချမှု ချဲ့ထွင် ဆောင်ရွက်သွားဖို့ကို အရင်ကတည်းက ရည်မှန်း ထားခဲ့ပါတယ်။ ပူးပေါင်း ဆောင်ရွက်မှု အရ စက်သုံးဆီ ဝယ်ယူဖြည့်တင်းခြင်း၊ ဆိပ်ခံ တံတား စီမံခန့်ခွဲခြင်း၊ ဆီသိုလှောင်ခြင်း၊ မီးဖိုချောင်သုံး ဓာတ်ငွေ့ရည်ဖြည့် စက်ရုံများနှင့် စက်သုံးဆီ လက်ကား ဖြန့်ဖြူးခြင်းတို့ ပါဝင်ပါတယ်" ဟု ဆိုသည်။

PTTOR သည် PTT Group ၏ လက်အောက်ခံ ရေနံနှင့် စက်သုံးဆီ လက်လီလုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီ တခု ဖြစ်သည်။ ယခု ပူးပေါင်း ဆောင်ရွက်မှုသည် စက်သုံးဆီ လက်လီလက်ကား လုပ်ငန်းများ အပြင် မီးဖိုချောင်သုံး ဓာတ်ငွေ့ (LPG) ကို လည်း PTT အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူး ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

PTT နှင့် KBZ တို့ ပူးပေါင်း လုပ်ဆောင်သည့် စက်သုံးဆီသိုလှောင်ကန်သည် 92၊ 95၊ ဒီဇယ် နှင့် ပရီမီယံဒီဇယ် လီတာ ပေါင်း သန်း ၁၀၀ ကျော်အထိ သိုလှောင်နိုင်မည်ဖြစ်ကြောင်း၊ LPG ဓာတ်ငွေ့ကိုလည်း မက်ထရစ်တန် ၄၅၀၀ အထိ သိုလှောင် ထားနိုင်မည်ဖြစ်ပြီး သိုလှောင်ကန်ဆောက်လုပ်မှုသည် ၂၀၂၁ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီများက ထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယခုပူးပေါင်းဆောင်ရွက်မှုဟာ ရန်ကုန်မြို့ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးတဲ့သမိုင်းမှတ်တိုင်တခုပါ။ စက်သုံးဆီဈေးတည်ငြိမ်ရေးဟာ နိုင်ငံရဲ့စီးပွားရေး တည်ငြိမ်မှုကို များစွာ အထောက်အကူ ဖြစ်စေပါတယ်။ ဒီလိုတည်ငြိမ်နိုင်ဖို့အတွက်လည်း ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ အနေနဲ့ ဘက်ပေါင်းစုံကနေ ကူညီဆောင်ရွက်လျက်ရှိပါတယ်ဟုပြောသည်။ လက်ရှိအချိန်တွင် ပြည်တွင်းစက်သုံးဆီ လက်လီ ဈေးကွက်အတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း (CNPC) ပိုင် စင်ကာပူ

အခြေစိုက် SPC ကုမ္ပဏီနှင့် ရွှေတောင်ကုမ္ပဏီတို့က စက်သုံးဆီဆိုင်များ ဖွင့်လှစ်ထားလျက်ရှိသည်။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း (MPPE) နှင့် စက်သုံးဆီ လက်ကားလုပ်ငန်း ပူးပေါင်းလုပ်ကိုင်လျက်ရှိသော PUMA ကုမ္ပဏီကလည်း စက်သုံးဆီဆိုင်များဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိပြီး ကမ္ဘာ့ထိပ်တန်း ရေနံကုမ္ပဏီ Shell ကလည်း Max Energy နှင့် ပူးပေါင်းပြီး စက်သုံးဆီဆိုင်များ ဖွင့်လှစ်ရန် လုပ်ဆောင်လျက်ရှိသည်။

**Source:** https://burma.irrawaddy.com/business/2019/06/10/194279.html

## တရုတ်က မြန်မာ့ဆန်ကို အမေရိကန်ဒေါ်လာသန်း ၅၀၀ ဖိုးဝယ်ယူမည်

တရုတ်နိုင်ငံမှ မြန်မာ့ဆန်ကို ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဖိုးခန့် ဝယ်ယူသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအောင်ထူးကပြောသည်။ တရုတ်နိုင်ငံကူမင်းမြို့နှင့် မြန်မာနိုင်ငံရန်ကုန်မြို့တို့အကြား ညီအစ်မမြို့တော်အစီအစဉ်အရ ဘာတာစနစ်ဖြင့် ကုန်စည်အရောင်းအဝယ်ပြုလုပ်ခြင်း ဖြစ်ကြောင်းဖြစ်ကြောင်းသိရသည်။ ဒီ MOU ရဲ့သဘောတူညီချက်အရ ကူမင်းမြို့ဘက်ကနေပြီး အကြမ်းဖျဉ်းသတင်းပို့တာ ကတော့ သူတို့အနေနဲ့ ဒီနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဖိုးလောက်ထိ ကျွန်တော်တို့ဘက်ကနေ ဝယ်ယူမယ်ဟု ဇွန် ၁၀ ရက်နေ့ကကျင်းပခဲ့သည့် ဆန်တင်ပို့ရေးဆိုင်ရာဆွေးနွေးပွဲတွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။ ဘာတာစနစ်အရောင်းအဝယ်အတွက် နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ(MOU)ရေးထိုးထားပြီးလည်းဖြစ်သည်။

မြန်မာဘက်မှလည်း တရုတ်နိုင်ငံမှ စက်ကိရိယာ၊ သံမဏိစသည့်ပစ္စည်းများကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ ဖိုးခန့် ပြန်လည်ဝယ်ယူသွားမည်လည်းဖြစ်သည်။ တရုတ်ပစ္စည်းအကြိုက်မနည်းပါဘူး။ မြန်မာမှာ တရုတ်ပြည်ကနေ သွင်းနေတာတွေအများကြီး။ ဘယ်ဟာယူယူရတယ်လေ။ လယ်ယာသုံးစက်ကိရိယာ၊ ဓာတ်မြေဩဇာအများကြီးပဲ ဝယ်နေတာပဲ။ ဆိုလိုတာက ဟိုဘက်ကိုရောင်းပြီဆိုရင် ရောင်းရတဲ့ငွေနဲ့ဘာဝယ်ဝယ်ရတယ်ဟု ၎င်းကပြောကြားခဲ့သည်။ ဘာတာစနစ်ဖြင့် ရောင်းဝယ်ခြင်းသည် ခေတ်မမီတော့ဘဲ လက်ရှိအခြေအနေအရ နယ်စပ်တွင်ရှိနေသောဆန်များနှင့် ပြည်တွင်းတွင် ပိုလျှံနေသောဆန်များ ရောင်းချနိုင်ရေးအတွက် ယခုစနစ်ကိုကျင့်သုံးခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ လက်ရှိတွင် တရုတ်နိုင်ငံကစစ်ဆေးပြီး အသိအမှတ်ပြုထားသော ဆန်စက် ၁၁ လုံးသာရှိသောကြောင့် အဆိုပါဆန်စက်များမှကြိတ်ခွဲသောဆန်များကိုသာ တင်ပို့နိုင်မည်ဖြစ်သည်။

ထို့ကြောင့် အချိန်မီအပြည့်အဝတင်ပို့နိုင်ရေးအတွက် နောက်ထပ်ဆန်စက် ၉၉ လုံးကိုပါ အရည်အသွေး စစ်ဆေးပြီးဖြစ်ကြောင်းလည်း ဦးအောင်ထူးကဆက်လက်ပြောကြားသည်။ ဆန်စက်များအား စစ်ဆေးရန်အတွက် နှစ်နိုင်ငံ ညှိနှိုင်းမှုအရ တတိယအဖွဲ့အစည်းအဖြစ် မြန်မာဘက်မှ MITS (မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်း လီမိတက်)က တာဝန်ယူစစ်ဆေးထားပြီးဖြစ်သည်။ လောလောဆယ်အနေဖြင့် ရလဒ်(Result)မထွက်သေးကြောင်း MITSမှ ဦးတိုးအောင်မြင့်ကပြောသည်။ လာမည့် ဇွန် ၁၄ ရက် နေ့တွင်ထပ်မံပြုလုပ်မည့်အစည်းအဝေးတွင် အဆိုပါအကြောင်းအရာနှင့် ပတ်သက်ပြီး ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသို့ ဆန်ကွဲတင်ပို့ရန်လည်း ညှိနှိုင်းလျက်ရှိရာ လုပ်ငန်းစဉ်အောင်မြင်လုရှိနေပြီဖြစ်ကြောင်း ဦးအောင်စိုးကပြောသည်။

**Source:** https://myanmar.mmtimes.com/news/124184.html

## မင်းတပ်ကော်ဖီအခြောက်လှန်းစက်ရုံမှ တစ်ကြိမ်လျှင် ပိဿာ ၅၆၀ အခြောက်လှန်းနိုင်

ချင်းပြည်နယ် မင်းတပ်မြို့၌ ဒိန်းမတ်အစိုးရက မြန်မာနိုင်ငံရှိ SME လုပ်ငန်းများအတွက်ထောက်ပံ့သည့် Responsible Business Fund (RBF) က ငွေကျပ် ၁၉၂ သိန်းဖြင့်တည် ဆောက်ထားသော ကော်ဖီအခြောက်လှန်းစက်ရုံမှ တစ်ကြိမ်လျှင် ပိဿာ ၅၆၀ အခြောက်လှန်းနိုင်ကြောင်းသိရသည်။ ချင်းပြည်နယ်က အပူချိန်အားနည်းတဲ့အတွက် အသီးအရွက်ကို နေလှန်းတဲ့ချိန်ကအရမ်းကြာတယ်။ အခုကော်ဖီဆိုရင် ပိုပြီးတော့ပြုစုနေလှန်းရတာ၊ မနှစ်တုန်းကဆို ကော်ဖီသီး အခြောက်လှန်းတာ တစ်လကျော်စောင့်လိုက်ရတယ်။ အခြောက်လှန်းစက်ရုံဆို သုံးပတ်လောက်နဲ့ခြောက်သွားတယ်။ ကောင်းကျိုးအနေနဲ့ အရည်အသွေးမြင့်ကော်ဖီထုတ်လုပ်နိုင်မယ်။ ဒီစက်အသုံးပြုခြင်းအားဖြင့် ဖုန်နဲ့အမှိုက်မဝင်တော့ဘူး။ အခြောက်ညီညာသွားမယ်။ ကော်ဖီမဟုတ်ဘဲနဲ့ အခြားချင်းတို့၊ နနွင်းတို့နဲ့ အခြားအသီးအရွက်တွေကိုလည်း အခြောက်လှန်းပြီး ထုတ်လုပ်လို့ရပါသေးတယ်။ ချင်းပြည်နယ်တစ်နေရာတည်းမှာ ကော်ဖီကို ကုန်ကြမ်းကနေကုန်ချောအထိ ထုတ်လုပ်နိုင်တော့မယ်။ အဓိကကတော့ ချင်းပြည်နယ်ရဲ့ ဂုဏ်ပုဒ်တစ်ခုဆောင်နိုင်ဖို့ ကော်ဖီထုတ်ကုန်ကို အဆင့်အတန်းမီမီ ထုတ်လုပ်နိုင်ဖို့ရည်မှန်းထားပါတယ်ဟု မင်းတပ်မြို့ Horn Bill Chin ကော်ဖီစက်ရုံပိုင်ရှင် စွန့်ဦးတီထွင်သူ ဆလိုင်းမာဟုန်းက

ပြောဆိုသည်။

သြဂဲနစ်နည်းဖြင့် စိုက်ပျိုးထားသော အာရေဗီကါ ကော်ဖီစေ့များကို ချင်းပြည်နယ်ထွက် အကောင်းဆုံးအရည်အသွေးရှိ ချယ်ရီသီးများဖြင့် ပေါင်းစပ်ထုတ်လုပ်ထားသည့် ကော်ဖီကိုထုတ်လုပ်ကြောင်း ကော်ဖီစေ့များအခြောက်ခံခြင်းကို ဆိုလာရောင်ခြည်သုံးနည်းပညာဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး ကော်ဖီစေ့ ၏အနံ့အရသာကို အကောင်းဆုံးထိန်းသိမ်းထားနိုင်ကြောင်း၊ ကော်ဖီထုတ်လုပ်သည့် Horn Bill စက်ရုံထုတ်ကော်ဖီမှုန့်၊ ကော်ဖီစေ့နှင့် ကော်ဖီစေ့မှထုတ်လုပ်သော ဝိုင်စသည့်တို့ကို ပြည်တွင်း/ပြည်ပသို့ ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း၊ အဆိုပါစက်ရုံကို ၂၀၁၃ ယခုနှစ်ဖေဖော်ဝါရီ ၅ ရက်က စတင်လည်ပတ်ခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/124161.html

## ယခင်နှစ်ထက် အကျိုးအမြတ်ပိုရခဲ့သည့် သရက်ရာသီကုန်ဆုံးတော့မည်

ယခုနှစ်တရုတ်နိုင်ငံအတွင်းသို့တင်ပို့နေသည့် သရက်သီးဈေးကွက်မှာ ယခင်နှစ်ရာသီထက် တောင်သူနှင့် ကုန်သည်များအတွက်အကျိုးအမြတ်ရရှိခဲ့ပြီး ယခုလအတွင်းသရက်သီးရာသီ ကုန်ဆုံးတော့မည်ဟု နယ်စပ်ဈေးကွက်အတွင်းမှ သိရသည်။ ဒီနှစ်ကတော့ အရင်နှစ်မှာ အမြင့်ဆုံးဖြစ်ခဲ့တဲ့ ဈေးတန်းမှာအရောင်းအဝယ်ဖြစ်နေတာဆိုတော့ သရက်စိုက်တောင်သူတွေလည်း အတော်လေးအကျိုးရှိစေခဲ့တာပေါ့။ တရုတ်ဖက်ကလည်း တောက်လျှောက်ကို အဝယ်လိုက် နေတာ။ ဒီလ(၂၀)ရက်နေ့လောက်အထိ အရောင်းအဝယ်ကောင်းနေအုံးမှာပါ။ လကုန်ပိုင်းလောက်ဆိုရင်တော့သရက်သီးရာသီက ကုန်ပြီပြောရတော့မှာပါဟု မူဆယ်နယ်စပ်ရှိ ခွာညိုသစ်သီးကုန်စည်ဒိုင်ပိုင်ရှင် ဦးစိုင်းခင်မောင်ကဆိုသည်။ ပြည်တွင်းမှ သရက်သီးများကို နယ်စပ်မှတဆင့်တရုတ်နိုင်ငံအတွင်းသို့တင်ပို့ရာတွင် အသီးအရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်းသတ်မှတ်နေခြင်းဖြစ်ကာ ရာသီပေါ်သီးနှံများအနက် ယခုနှစ်တွင် အကျိုးအမြတ်အများဆုံးရရှိခဲ့ခြင်းလည်းဖြစ်သည်။

မူဆယ်မှတရုတ်နိုင်ငံ သစ်သီးကွင်းအတွင်းသို့နေ့စဉ် သရက်သီးကားအစီးရေ (၁၅၀)ခန့်အထိဝင်ရောက်နေပြီး ပွဲတော်ရက်နီးကပ်ချိန်များတွင်အစီးရေ (၂၀၀)ကျော်အထိ တင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။ ပြည်တွင်းမှ စိန်တလုံး၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက်၊ရွှေတောင်၊ ရွှေဖလား၊ ရင်ကွဲစသောသရက်သီးများကို အများဆုံးတင်ပို့နေခြင်းဖြစ်ပြီး တရုတ်ကုန်သည်များအနေဖြင့် ရွှေဟင်္သာသရက်မျိုးကို အများဆုံးကြိုက်နှစ်သက်ကြသည်ဟုလည်းသိရသည်။ နယ်စပ်ဈေးကွက်အတွင်း အများဆုံးဈေးကောင်းရနေသည့်ရွှေဟင်္သာသရက် (၁၆)ကီလိုတစ်ခြင်းလျှင် ယွမ်(၁၄၀)မှ(၁၇၀)အထိ ပေါက်ဈေးရှိနေပြီး ယနေ့ငွေလဲနှုန်းမှာတစ်ယွမ်လျှင်(၂၁၇)ကျပ်ဖြစ်သည်။

**Source:** BETVDailyNews

https://www.facebook.com/myanmaeconomic/

## အရောင်းအဝယ်လုပ်ငန်းများကို ဥပဒေဘောင်အတွင်းယှဉ်ပြိုင်ရန် စီးပွားကူးသန်းဝန်ကြီးတိုက်တွန်း




မြန်မာနိုင်ငံယှဉ်ပြိုင်မှု ကော်မရှင်သည် ဥပဒေဖောက်ဖျက်မှုကို ဖော်ထုတ် အရေးယူမည်ဖြစ်၍ လုပ်ငန်းရှင်များက ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့် ဥပဒေနှင့်အညီ ယှဉ်ပြိုင်ရန် လိုအပ်ကြောင်း ယင်းကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။ ယှဉ်ပြိုင်မှုကော်မရှင်အနေနဲ့ လွတ်လပ်စွာမျှတတဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးရန်လိုအပ်သလို ပြည်သူလူထုနဲ့အတူ၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့အတူ ယှဉ်ပြိုင်မှုဥပဒေနဲ့အညီဆောင်ရွက်ဖို့လိုပါတယ်။ အထူးသဖြင့် လုပ်ငန်းရှင်များအနေနဲ့သတ်မှတ်တဲ့ ဥပဒေဘောင်ထဲက မိမိတို့ရောင်းဝယ်ဖောက်ကားတဲ့လုပ်ငန်းများကို ဥပဒေနဲ့အညီ ယှဉ်ပြိုင်ဖို့လိုအပ်ပါတယ်ဟု ဒေါက်တာသန်းမြင့်ကဆိုသည်။

ဇွန်လ ၁၀ ရက်က နေပြည်တော် သင်္ဂဟဟိုတယ်၌ကျင်းပသော မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် မိတ်ဆက်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောရာ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်းထည့်သွင်းပြောကြားသည်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူများသည် မိမိတို့အကျိုးစီးပွား၊ စားသုံးသူအကျိုးစီးပွား၊ ထုတ်လုပ်သူအကျိုးစီးပွားနှင့် တိုင်းပြည်အကျိုး

စီးပွားအတွက် လွတ်လွတ်လပ်လပ်ယှဉ်ပြိုင်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီယှဉ်ပြိုင်မှသာ အားလုံးအတွက် အကျိုးရှိမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ နိုင်ငံ၏တိုးတက်မှုလုပ်ငန်းများတွင် လုပ်ငန်းရှင်များ၏ အခန်းကဏ္ဍက လွန်စွာအရေးကြီးသကဲ့သို့ လွတ်လပ်စွာယှဉ်ပြိုင်ခြင်းက အရေးကြီးသည့်ကဏ္ဍတစ်ခုမှပါဝင်ကြောင်း ဝန်ကြီးကဆိုသည်။ ဒါကြောင့် ယှဉ်ပြိုင်မှုကော်မရှင်အနေနဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ယှဉ်ပြိုင်မှု၊ လေးစားလိုက်နာမှု အားကောင်းစေရေးအတွက် စီမံဆောင်ရွက်ဖို့လိုသလို စီးပွားရေးလုပ်ငန်းရှင်များဘက်ကလည်း ယှဉ်ပြိုင်မှုဥပဒေကို လေးလေးစားစားနဲ့လိုက်နာဆောင်ရွက်ဖို့လိုအပ်ပါတယ်ဟု ဒေါက်တာသန်းမြင့်ကပြောသည်။ ထို့ပြင် သတ်မှတ်ထုတ်ပြန်ထားသည့် ဥပဒေများတွင် အကာအကွယ်ပေးခြင်း၊ ပညာပေးခြင်း၊ အရေးယူခြင်းများပါဝင်သကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဥပဒေများရှိကြောင်း ၎င်းကပြောကြားသည်။

ယင်းဥပဒေကို နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေပြီဖြစ်ကြောင်း ကော်မရှင် ဒုဥက္ကဋ္ဌ၊ ဥပဒေပညာရှင် ဦးသန်းမောင်ကပြောသည်။ အဓိကကတော့ ဒီဟာသည် မတရားသဖြင့် ယှဉ်ပြိုင်တာက ဘာလဲ၊ တရားသဖြင့် ယှဉ်ပြိုင်တာက ဘာလဲဆိုတာ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေလည်း ရှိတယ်။ အဲဒီဟာတွေကို အများပြည်သူက အကောင်အထည်ဖော်ရမှာ။ ကျွန်တော်တို့က တိုင်ကြားလာတာတို့၊ ကျွန်တော်တို့ သတင်းရရှိတာတို့၊ ကျွန်တော်တို့ကို သတင်းပေးတာတို့ကို လိုအပ်သလို လျှို့ဝှက်ပြီးတော့ ထိန်းသိမ်းပြီး စုံစမ်းစစ်ဆေးမယ်။ ပြီးရင် ဈေးကွက်မှာ အဲဒီလို မတော်မတရားဖြစ်တာကို အမိန့်ကြော်ငြာစာ ထုတ်ကောင်းထုတ်မယ်။ အရေးယူကောင်း အရေးယူမယ်။ အရေးယူတာမှာလည်း စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူကောင်းယူမယ်။ တရားစွဲပြီးတော့ အရေးယူကောင်းယူရမှာပေါ့ ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉) ဖြင့် ပြဋ္ဌာန်းပြီး ၂၀၁၇ ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်အာဏာသက်ဝင်ကာ ယှဉ်ပြိုင်မှုနည်းဥပဒေများကို ၂၀၁၇ အောက်တိုဘာ ၉ ရက်တွင် ပြဋ္ဌာန်းခဲ့ကြောင်း ကော်မရှင်ထုတ်ပြန်ချက်၌ဖော်ပြသည်။ ဥပဒေပါ တားမြစ်ချက်များကို ဖောက်ဖျက်ပါက ငွေဒဏ်အမြင့်ဆုံး ကျပ်တစ်သိန်းမှ ကျပ်သိန်း ၁၅၀ အထိဖြစ်စေ၊ ထောင်ဒဏ်အနည်းဆုံးသုံးလမှ အများဆုံး သုံးနှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခံရနိုင်ကြောင်း ဦးသန်းမောင်ကပြောသည်။ ယင်းသို့ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်မှုများရှိပါက သတိပေးခြင်း၊ ဒဏ်ကြေးငွေပေးဆောင်စေခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းကို ယာယီ(သို့မဟုတ်) အမြဲတမ်းပိတ်သိမ်းခြင်းခံရနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို ၂၀၁၈ အောက်တိုဘာ ၃၁ ရက်က အဖွဲ့ဝင် ၁၁ ဦးဖြင့် စတင်ဖွဲ့စည်းပြီး ကော်မရှင်ဥက္ကဋ္ဌအဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အတွင်းရေးမှူးအဖြစ် ကုန်သွယ်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

**Source:** http://www.7daydaily.com/story/158257

## တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့် Quota တန်ချိန် တစ်သိန်းရရှိထားပြီး အောက်တိုဘာလမတိုင်မီ အမြန်ဆုံး ပေးပို့နိုင်ရန် လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးပြောကြား



တရုတ်နိုင်ငံသို့ ဆန်တင်ပို့ခွင့်အဖြစ် မြန်မာနိုင်ငံမှ Quota အဖြစ် ဆန်တန်ချိန်တစ်သိန်းရရှိထားပြီး ယင်းဆန်တန်ချိန် ပမာဏအား အောက်တိုဘာလ မတိုင်မီ အမြန်ဆုံး ပေးပို့နိုင်ရန်လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ ဇွန် ၁၀ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရုံး၌ ပြုလုပ်သည့် နှစ်နိုင်ငံအစိုးရချင်း သဘောတူညီချက်ရရှိထားပြီးဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် ဆန်တန်ချိန် တစ်သိန်းတင်ပို့ရေးကိစ္စနှင့်ပတ်သက်သည့် ညှိနှိုင်း

အစည်းအဝေး အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။

တရုတ်နိုင်ငံဘက်မှာလည်း ကိုတာကို လာမည့်အောက်တိုဘာလမှာ ကျွန်တော်တို့ ထပ်မံပြင်ဆင်ဖို့ရှိတဲ့အတွက်ကြောင့် အခုရထားတဲ့ တန်ချိန်တစ်သိန်းကို အောက်တိုဘာလမတိုင်ခင်မှာ အမြန်ဆုံးပေးပို့နိုင်အောင် စီစဉ်ဖို့လိုအပ်တယ်ဆိုတဲ့ အချက်ကိုလည်း ကျွန်တော်တို့အနေနဲ့ တွေ့ရှိရပါတယ်ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။ ၂၀၂၀ ပြည့်နှစ်အထိ ကာလကြာရှည်မည့် နှစ်နိုင်ငံ MoU တွင် တရုတ်နိုင်ငံဘက် က စစ်ဆေးထားသည့် ဆန်စက် ၁၁ လုံးသာ ရှိပြီး ယင်းစက်များမှ ထွက်ရှိလာသည့် ဆန်များကိုသာ တင်ပို့၍ရမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။ ဒုတိယဝန်ကြီးက အဲဒီတော့ ၂၀၂၀ ခုနှစ်အထိ ကာလကြာရှည်တဲ့ MoU မှာဆိုလို့ ရှိရင်တော့ တရုတ်ဘက်က စစ်ဆေးထားတဲ့ ကုမ္ပဏီ ဆန်စက်ပေါင်း ၁၁ လုံးပဲ ရှိပါတယ်။ အဲဒီတော့ အဲဒီ ၁၁ လုံးက ထွက်လာတဲ့ ဆန်တွေကိုပဲ တင်ပို့လို့ရပါတယ်။ ဒါကြောင့်မို့လို့ ပထမရတဲ့ ကိုတာ တစ်သိန်းမှာဆိုလို့ရှိရင် တစ်သိန်းကို ပြည့်မီအောင်လို့ နှစ်နှစ်လောက်အထိကို ကျွန်တော်တို့ရဲ့ တင်ပို့ခဲ့ရတယ်ဆိုတာကို အတွေ့အကြုံများအရ သိရပါတယ်။ အခု တစ်သိန်းထပ်ရတဲ့အခါမှာတော့ ဒီတစ်သိန်းကို ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာလည်း ဆန်တွေပိုလျှံနေတဲ့အတွက်ကြောင့် ဒါကို အမြန်ဆုံးတင်ပို့ရောင်းချနိုင်အောင်လို့ဆိုပြီးတော့ ကျွန်တော်တို့အနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်ဟုပြောကြားသည်။

၂၀၁၉ ခုနှစ် ဧပြီလအတွင်းက တရုတ်နိုင်ငံဘက်မှ ထပ်မံရရှိထားသည့် ဆန်တန်ချိန် တစ်သိန်းအား အမြန်ဆုံးတင်ပို့နိုင်ရန် လိုအပ်ပြီး လက်ရှိတွင် တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ရရှိသည့် ဆန်စက် ၁၁ လုံးသာရှိနေပြီး တင်သွင်းခွင့်ရရှိသည့် ဆန်စက်များ ပိုမိုများပြားလာစေရန်လည်း ဆောင်ရွက်နေကြောင်း ဒုတိယဝန်ကြီးကပြောကြားသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဒီဆန်တန်ချိန် တစ်သိန်း ဆိုတာကလည်း အမြန်ဆုံးပို့မယ်။ ပို့ပြီးတာနဲ့ နောက်ထပ် လေးသိန်း၊ ငါးသိန်းစသည့်ဖြင့် ဆက်ပြီးဆောင်ရွက်သွားဖို့ရှိပါတယ်။ အခုဟာတော့ ကျွန်တော်တို့က ဇွန်လထဲမှာ ကျွန်တော်တို့ တရုတ်ဘက်နဲ့ လက်မှတ်ထိုးဖို့ရှိတယ်။ ထိုးပြီးတာနဲ့ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာမှာ ပို့မယ်။ နောက် မိုးစပါး ပေါ်ချိန်မှာ တောင်သူ လယ်သမားတွေအတွက် ဈေးနှုန်းကျဆင်းမှုမဖြစ်အောင် တတ်နိုင်သမျှ တရုတ်နိုင်ငံတင်မကပါဘူး။ အခြားနိုင်ငံတွေက ခွဲတမ်းတွေ၊ ကိုတာတွေရဖို့လည်း အစိုးရနဲ့ဆက်ပြီးလုပ်သွားဖို့ရှိပါတယ်ဟုပြောကြားသည်။

**Source:** https://news-eleven.com/article/115748

## မြန်မာ့ဆန်တန်ချိန်တစ်သောင်းကို တရုတ်ထုတ်ကုန်ပစ္စည်းများဖြင့် လဲလှယ်မည့်စနစ်ဖြင့် တင်ပို့ မည်



နှစ်နိုင်ငံတရားဝင် သဘောတူညီမှုရရှိချက်များအရ တရုတ်နိုင်ငံသို့ နယ်စပ်မှ ဆန်တန်ချိန် တစ်သောင်းတင်ပို့သည့်ကိစ္စတွင် ပစ္စည်းတန်ဖိုးကို ငွေပေးချေမှုအစား ပစ္စည်းချင်းလဲလှယ်သည့်စနစ်ကို ကျင့်သုံးဆောင်ရွက်မည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောသည်။ အခု ပထမဆုံးအကြိမ်အနေနဲ့ ဆန်တန်ချိန်တစ်သောင်းကို ရောင်းချဖို့အတွက် လက်မှတ်ရေးထိုးထားပြီးဖြစ်ပါတယ်ဟု ဒုဝန်ကြီးက ဆိုသည်။

ဇွန်လ ၁၀ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ပြုလုပ်သော ဆန်တင်ပို့မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ဒုဝန်ကြီးက အထက်ပါအတိုင်း ထည့်သွင်းပြောကြားခြင်းဖြစ်သည်။ အဆိုပါဆန်တန်ချိန်တစ်သောင်းကို နှစ်နိုင်ငံစီးပွားရေး လုပ်ငန်းရှင်များညှိနှိုင်း၍ မူဆယ်နယ်စပ်မှတစ်ဆင့် တင်ပို့ရန် သဘောတူထားကြောင်း

အစည်းအဝေးအချက်အလက်များကဆိုသည်။ ယင်းသို့တရားဝင်ပို့ဆောင်နိုင်ရေး တရုတ်နိုင်ငံကူမင်း၌ နှစ်ဖက်တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးမှုများအရ တရုတ်နိုင်ငံအနေဖြင့် ယခုနှစ်အတွင်း ကန်ဒေါ်လာငါးသန်းဖိုးခန့်အထိ မြန်မာနိုင်ငံမှဝယ်ယူရန်ရှိကြောင်း ဒုဝန်ကြီးကဆိုသည်။ ကျွန်တော်တို့ကလည်း သူတို့ဘက်ကနေမှ စက်ကိရိယာ၊ သံမဏိပစ္စည်းပေါ့စသည်ဖြင့် ပစ္စည်းများကို သန်းငါးရာဖိုးပြန်လည်ဝယ်ယူဖို့ဖြစ်ပါတယ်ဟု ဒုဝန်ကြီးကဖြည့်စွက်ပြောကြားသည်။

ယင်းကိစ္စအပေါ် မည်သို့ဆောင်ရွက်မည်ကို UMFCCI က ဖွဲ့စည်းထားသည့်ကော်မတီက အသေးစိတ်ညှိနှိုင်းနေသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။ နယ်စပ်မှတစ်ဆင့်ရောင်းဝယ်မည့် ဆန်တန်ချိန်တစ်သောင်းကို တရုတ်အစိုးရ၏ ထောက်ခံချက်ရထားသော PC ကုမ္ပဏီကဝယ်ယူမည်ဖြစ်ပြီး မိမိတို့အနေဖြင့် MRF (မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်)၏ ဦးစီးဆောင်ရွက်မှုဖြင့်တင်ပို့မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးကပြောသည်။ ပစ္စည်းချင်းလဲလှယ်သည့်သဘောအရ တရုတ်နိုင်ငံမှထွက်ရှိသည့် မည်သည့်ပစ္စည်းကိုမဆို ကန့်သတ်ချက်မရှိ လဲလှယ်ယူနိုင်သည်ဟုလည်း ၎င်းကဖြည့်စွက်ပြောကြားသည်။ ဆိုလိုတဲ့သဘောက ကြိုက်တဲ့ပစ္စည်း တင်သွင်းခွင့်ရှိတယ်ဆိုတဲ့သဘော။ ဈေးကိုလည်း ရောင်းဖို့အတွက် ညှိထားပြီးသားဖြစ်တဲ့အတွက် ဈေးကအမျိုးမျိုး မဖြစ်နိုင်တော့ဘူးပေါ့။ မှန်ကန်တဲ့ဈေးနဲ့ ဈေးကောင်းရမှာပေါ့ဟု ဦးအောင်စိုးကပြောသည်။

**Source:** http://www.7daydaily.com/story/158242

## ပြည်တွင်းကျောက်မျက်ပြပွဲတွေ ပုံမှန်ပြုလုပ်နိုင်ဖို့ စီစဉ်နေ



ပြည်တွင်းရတနာကုန်သည်တွေ အဆင်ပြေစေဖို့နဲ့ ပြည်တွင်းဈေးကွက်ဖြစ်လာစေဖို့ ပြည်တွင်းကျောက်မျက်ရတနာပြပွဲတွေကို ပုံမှန် ပြုလုပ်နိုင်ဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များ အသင်းမှဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက ပြည်တွင်းကျပ်ငွေနဲ့လား၊ နိုင်ငံခြားငွေနဲ့လား၊ ဘာနဲ့ဖြစ်ဖြစ် ကျွန်တော်တို့က အရောင်းအဝယ်ဖြစ်အောင် ပြည်တွင်းမှာ ဈေးကွက်ဖြစ်အောင်ဆိုတဲ့ အဓိက ရည်ရွယ်ချက်၊ ပြည်တွင်းမှာ ဈေးကွက်ရှိမှ ကျွန်တော်တို့ရဲ့ ဒီတရားမဝင် ရောင်းဝယ်တဲ့ဟာလဲ လျော့သွားမယ်၊ ပြီးတော့ ပြည်တွင်းမှာရှိတဲ့အလုပ်အကိုင်တို့ စီးပွားရေးအခွင့်အလမ်းတို့ ပိုပြီးတော့ အထောက်အကူပြု နိုင်အောင်တော့ တစ်နေရာတည်းမှာပဲ ပုံရောင်းတဲ့အဆင့်မဟုတ်ဘူး၊ မန္တလေး တို့မြစ်ကြီးနားတို့စသည်အားဖြင့် ပုံမှန်လေးလုပ်ဖို့အစီအစဉ်ရှိတယ်လို့ပြောပါတယ်။

လက်ရှိမှာလည်း နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမမှာ နိုင်ငံခြားသားရတနာကုန်သည်တွေ မပါဝင်ဘဲ မြန်မာကျပ်ငွေနဲ့ရောင်းချတဲ့ ကျောက်မျက်ရတနာပြပွဲကို ဇွန်လ ၈ ရက်နေ့ကစပြီး ခြောက်ရက်တာ ကျင်းပနေပါတယ်။ အခုလို နိုင်ငံခြားသား ရတနာကုန်သည်တွေ မပါဝင်ဘဲ ရောင်းချတာဟာ ပြည်တွင်းရှိရတနာကုန်သည်တွေ အဆင်ပြေစေဖို့အတွက် မြန်မာကျပ်ငွေနဲ့ ရောင်းချပေးတာဖြစ်တယ်လို့ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသန်းဇော်ဦးကပြောပါတယ်။ ဒါ့အပြင်ပြည်တွင်းကုန်သည်တွေကို ကျပ်ငွေနဲ့ ရောင်းချရခြင်းရည်ရွယ်ချက်က ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းရှင်အငယ်တွေက လက်ကောက်၊ပုတီး၊ လွှာချပ်တို့ထုတ် ပြီးတော့ OSSကတစ်ဆင့် အခွန်ဆောင်ပြီးတော့မှ ရောင်းဝယ်ဆောင်ရွက်နေတဲ့ ကုန်သည်တွေဖြစ်တာကြောင့် ကုန်သည်တွေအနေနဲ့ ကုန်ကြမ်းရရှိဖို့ ဖြစ်တယ်လို့ သိရပါတယ်။ ဦးသန်းဇော်ဦးက ကျွန်တော်တို့က နိုင်ငံခြားသားတွေလဲမပါဘူး၊ နိုင်ငံခြားငွေနဲ့လဲ မဟုတ်ဘူး၊ ပြည်တွင်းကုန် သည်ငယ်လေးတွေရဲ့ ကုန်ကြမ်းရရှိရေး၊ လုပ်ငန်းရှင်တွေရဲ့ ဝင်ငွေရရှိရေးပေါ့လို့ ပြောပါတယ်။ သူကဆက်ပြီး ကျောက်ဆိုတာက အမျိုးအစား အမျိုးမျိုးရှိတဲ့အခါမှာ အခုက ကျပ်ငွေနဲ့ ရောင်းချပွဲက သာမန်အားဖြင့်တော့ ပုတီး လက်ကောက်ရတဲ့ ကျောက်အမျိုးအစားကို အများစုရောင်းတာပေါ့၊ တကယ် တူးဖော်ထုတ်လုပ်ရတာလဲ ဒီကျောက်အမျိုး အစားတွေက အများကြီးရတယ်လို့ပြောပါတယ်။

နေပြည်တော်မှာ ခြောက်ရက်တာ ကျင်းပနေတဲ့ ပြည်တွင်းကျောက်မျက်ပြပွဲမှာတော့ ကျောက်မျက်တွဲ ၂၆၀ တွဲကို ဇွန် ၈ ရက်၊ ၉ ရက်မှာ ကြည့်ရှုနိုင်ပြီး ၁၀ ရက်နေ့မှာ အရောင်းအဝယ်ပြုလုပ်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျောက်စိမ်း တွဲ ၃၁၀၈ တွဲကိုတော့ ဇွန် ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်မှာ ကြည့်ရှုနိုင်ပြီး ၁၁ ရက်၊ ၁၂ ရက်၊ ၁၃ ရက် တွေမှာ အရောင်းအဝယ်ပြုလုပ်သွားမှာဖြစ်ပါတယ်။ **Source:** https://www.kumudranews.com/news-33828

## မုံရွာတွင် ကြက်သွန်နီတစ်ပိဿာ ကျပ် ၅၀၀ ကျော်အထိ ဈေးတက်

မုံရွာမြို့နယ်တွင် စိုက်ပျိုးထုတ်လုပ်သည့် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၅၀၀ ကျော်သို့ ဈေးတက်ခဲ့ကြောင်း ဒေသခံကြက်သွန်နီစိုက် တောင်သူများကပြောသည်။ ပြီးခဲ့တဲ့မိုးရာသီစိုက် ကြက်သွန်နီတွေပေါ်ချိန် ဇန်နဝါရီလောက်ကတည်းက တစ်ပိဿာ ၃၅၀ ဈေးဖြစ်နေတာကြာပြီ။ ဒီရက်ပိုင်းမှ တောင်သူတွေလက်ထဲ တစ်ပိဿာ ၅၀၀ ဈေးအထိ ရတာ။ တောင်သူတွေလက်ထဲမှာလည်း ကြက်သွန်ကအများကြီးကျန်သေးတယ်ဟု မုံရွာမြို့နယ် မြေနဲကျေးရွာမှ ကြက်သွန်နီစိုက် တောင်သူဦးအောင်ထူးကပြောသည်။ ယခင်က ကြက်သွန်နီစိုက် စရိတ်တစ်ဧကလျှင် ကျပ် ၁၂ သိန်းမှ ၁၃ သိန်းခန့်ကုန်ကျရာမှ ယခုနှစ်တွင် သွင်းအားစုနှင့်လုပ်သားဈေးတက်ခြင်းကြောင့် စိုက်စရိတ်တစ်ဧကလျှင် ကျပ် ၁၅ သိန်းခန့်အထိ ကုန်ကျပြီး တစ် ဧကလျှင် ကြက်သွန်ပိဿာ ၄၀၀၀ ခန့်အများဆုံးထွက်ကြောင်း ၎င်းကပြောသည်။ လက်ရှိတွင် ကြက်သွန်နီဈေးတက်သဖြင့် တောင်သူများ အရှုံးသက်သာနိုင်ကြောင်း ဦးအောင်ထူးကပြောသည်။

မုံရွာမြို့ဒေသခံကြက်သွန်နီကုန်သည်တစ်ဦးက အဓိကပြည်ပဝယ်လက်ကြောင့် ဈေးတက်တာပါ။ ပြည်တွင်းကြက်သွန် အဝယ်လိုက်နေတာက မန္တလေးနဲ့ပခုက္ကူဈေးကွက်မှာ အရောင်းသွက်နေတာ။ မန္တလေးဝယ်လက်က တရုတ်ကို ပို့တာများတယ်ဟုပြောသည်။ ယခင်နှစ်က ကောက်ပဲသီးနှံဈေးကွက်ကျဆင်းသောကြောင့် မုံရွာမြို့နယ်တွင် ကြက်သွန်နီစိုက်သူ ပိုမိုများပြား လာသဖြင့် စိုက်ဧကတစ်သောင်းကျော်ရှိခဲ့ကြောင်း ဒေသခံတောင်သူများပြောပြချက်အရသိရသည်

**Source:** http://www.7daydaily.com/story/158250

## STOCK EXCHANGE (11.6.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 11th Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 12,000 | 12,000 | 11,500 | 2,100 | 25,160,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 12,069 | 39,827,700 | 38,929,150 | 128,466 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 24,500 | +500 | +2.08% | 24,000 | 24,500 | 24,000 | 953 | 22,880,000 | 2,472,053 | 60,565 |
| TMH | 00005 | 3,100 | +50 | +1.64% | 3,100 | 3,100 | 3,050 | 1,105 | 3,407,750 | 12,212,906 | 37,860 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 454.76 | -8.58 | -1.85% | 463.34 | 463.78 | 454.76 | 16,227 | 91,275,450 | 5 | 620,856 |


**Index chart**



# Market Overview

As of 1:00 pm, 11th Jun. 2019

| MYANPIX | 454.76 ▼ 8.58 |
|---|---|
| Total Volume (shares) | 16,227 |
| Total Value (MMK) | 91 mil |
| Listed Company | 5 |
| Market Cap. (MMK) | 620,856 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 24,500 | ▲ 500 |
| TMH | 00005 | 3,100 | ▲ 50 |

TIR